# မြန်မာနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်(ဒရုန်း)များတွင် လက်နက်တပ်ဆင်အသုံးပြုမှုများကြောင့် ကျန်းမာရေးဝန်ထမ်းများအပေါ် ဘေးဥပါဒ်ကျရောက်မှုများအား လျော့ပါးစေရန် လုပ်ဆောင်သင့်သည့် အစီအမံများ

[ဖေဖော်ဝါရီလ၊ ၂၀၂၅ ခုနှစ်]

ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မောင်းသူမဲ့လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခံရခြင်းရှိနိုင်သည်ကို ကြိုတင်မျှော်မှန်းထားပြီး ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို  ကာကွယ်နိုင်ရန် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ လူကိုယ်တိုင်မောင်းနှင်ရသော လေယာဉ်ပျံများ၊ မြေပြင် စစ်သည်များနှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ်သက်သာပြီး မောင်းနှင်သူများကို ထိခိုက်နိုင်ချေနည်းပါးသော ကြောင့် မောင်းသူမဲ့လေယာဉ်များကို လက်နက်တပ်ဆင်ကာ အသုံးပြုခြင်းသည် ပိုမိုတိုးမြင့်လာသည်။ ကျန်းမာ ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် လူထုအခြေပြု အကူအညီပေးရေးလုပ်ငန်းများမှာ အပြည်ပြည်ဆိုင်ရာ လူသား ချင်းစာနာထောက်ထားမှုဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သော်လည်း မောင်းသူမဲ့လေယာဉ် များဖြင့် ဗုံးကြဲတိုက်ခိုက်မှုများအတွင်း ပစ်မှတ်ထားခံခဲ့ရသည်။ မောင်းသူမဲ့လေယာဉ်များကို ပိုမိုတတ်နိုင် လာပြီး ကျယ်ပြန့်စွာ လက်လှမ်းမီလာသည့်အတွက် အဆိုပါတိုက်ခိုက်ခံရမှုအလားအလာမှာ ဆက်လက် တည်ရှိနိုင်ဖွယ်ရှိသည်။

မိုဘိုင်းဖုန်းများ၊ ဂြိုလ်တုဆက်သွယ်ရေးဖုန်းများနှင့် ရေဒီယိုများစသည့် ဆက်သွယ်ရေးပစ္စည်းများကို မောင်းသူ မဲ့လေယာဉ်မောင်းနှင်သူများမှ ပစ်မှတ်အဖြစ် စောင့်ကြည့်ခြေရာခံနိုင်သည့်အတွက် ဘေးဥပါဒ်များရှိစေ နိုင်သည်။

ကျန်းမာရေးဝန်ဆောင်မှုကို ကာကွယ်ရန် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကျန်းမာ ရေးဝန်ထမ်းများ၊ ကျန်းမာရေးအဆောက်အအုံများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လာရာလမ်းကြောင်းအခြေအနေများအပေါ် ဦးတည်ဆောင်ရွက်သင့်သည်။

ယေဘူယျအနေဖြင့် မောင်းသူမဲ့လေယာဉ်အသုံးပြုကာ တိုက်ခိုက်ခံရမှုအတွက် ဘေးအန္တရာယ် လျော့ပါးရေး အစီအမံများလုပ်ဆောင်ရာတွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေနှင့် ထိခိုက်လွယ်မှုအခြေအနေများအပေါ်မူတည်၍ စီမံဆောင်ရွက်သင့်သည်။ နောက်ခံအခြေအနေများအပေါ် အသေးစိတ်သုံးသပ်ထားချက်အပေါ်မူတည်၍ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အသုံးပြုနိုင်မည့် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများကို စုစည်းဖော်ပြ ထားပါသည်။ အဆိုပါသုံးသပ်ထားမှုသည် နေရာဒေသနှင့်လိုက်၍ အပြောင်းအလဲရှိနိုင်ပြီး အချိန်နှင့်အမျှလည်း အပြောင်းအလဲရှိနိုင်သည်။ အကြံပြုထားသော ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများသည် အခြေအနေ အားလုံးအတွက် သင့်တော်နိုင်မည် မဟုတ်ပါ။ ဤစာတမ်းကို အခြေခံပြီး ဆုံးဖြတ်ချက်ချကာ လုပ်ဆောင်မှု များအားလုံးသည် အဆိုပါဆုံးဖြတ်ချက်ချသည့် အဖွဲ့အစည်းများနှင့်သာ သက်ဆိုင်ပါသည်။ ဤစာတမ်းသည် Insecurity Insight အဖွဲ့၏ **ကျန်းမာရေးဝန်ဆောင်မှုများအတွက် လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု** လက်စွဲစာအုပ်၏ နောက်ဆက်တွဲအခန်းငယ်ဖြစ်သည်။

## (၁) အခြေအနေ၊ ဘေးအန္တရာယ်နှင့် လက်ခံခြင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း

### ဘေးအန္တရာယ်ရှိနေသော လုပ်ငန်းများနှင့် နေရာများ

ယခင်က ဖြစ်ပွားမှုများအား စစ်ဆေးမှုများအပေါ်မူတည်၍ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ်ရှိသည့် လုပ်ငန်းများနှင့် နေရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဆေးရုံများနှင့် ကျေးလက်ဆေးပေးခန်းများကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်ကုသမှုဆိုင်ရာ အဆောက်အအုံများ၊
- အုပ်စုဖွဲ့ခြင်းများ၊ လူနာများ (သို့) လူနာမိသားစုများ စုရုံးခြင်းရှိသော အခြေအနေများ၊
- ရွေ့လျားဆေးကုအဖွဲ့များ ရွေ့ပြောင်းသွားလာခြင်းများ၊
- ဆေးရုံဝန်း (သို့) ဝင်ပေါက်အနီးတွင် ရပ်နားထားသော လူနာတင်ယာဉ်များ၊
- အချို့သော ဆက်သွယ်ရေးပစ္စည်းများအသုံးပြုမှုကို သိရှိနိုင်စေသော လုပ်ငန်း (သို့) အရာဝတ္ထုများ (အထက်တွင် ပြန်ကြည့်ပါ)
- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အလုပ်သို့အသွား/ အလုပ်မှအပြန်၊ အိမ်တွင်ရှိနေစဉ် (သို့) အများပြည်သူပိုင်နေရာများတွင် ရှိနေစဉ်၊
- စစ်ဆင်ရေးလုပ်ဆောင်ရာ နေရာ (သို့) လုပ်ဆောင်သည်ဟု ထင်သော နေရာအနီးအနားတွင် ရှိနေစဉ်
- ယခင်က တိုက်ခိုက်ခံရဖူးသော နေရာများနှင့်
- ဆန္ဒဖော်ထုတ်မှုများ ဖြစ်ပွားနေသော နေရာများ၊ ဒါဏ်ရာရလူနာများကို ကျန်းမာရေးဝန်ထမ်းများမှ ဆေးကုသမှုပေးသော နေရာများ ဖြစ်သည်။

လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု အလေ့အထများအနေဖြင့် ဦးတည်လုပ်ဆောင်ထားသည်မှာ -

**✓ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို သတ်မှတ်ခြင်း**

**✓ ထိခိုက်လွယ်မှုအခြေအနေများကို ခွဲခြမ်းစိတ်ဖြာခြင်း**

**✓ အချက်အလက်များ၊ အထောက်အထားများကို အသုံးချခြင်း**

**✓ သက်ဆိုင်သူများနှင့် ချိတ်ဆက်ဆွေးနွေးခြင်း**

## ဘေးအန္တရာယ်ရှိသော ကျန်းမာရေးလုပ်ငန်းများကို ကာကွယ်ရန် အဆိုပြုထားသည့် ယေဘူယျအဆင့်များ

- ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် စောင့်ရှောက်မှုခံယူသူများအတွက် ကာကွယ်ရေးအစီအမံများကို အသင့်ပြင်ဆင်ထားခြင်း၊
- အလုပ်ချိန်ပြင်ပတွင် မိမိကိုယ်ကို မည်သို့ကာကွယ်နိုင်မည်ကို ဝန်ထမ်းများအား အကြံပြုထားခြင်း၊
- မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုစနစ်များ၏ ယေဘူယျအားဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းကို အားကောင်းစေရန် အစီအမံများ အသင့်ပြင်ဆင်ထားရှိခြင်း၊
- အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်စွမ်းကို ထိန်းသိမ်းနိုင်ရန် အစီအမံများကို အသင့်ပြင်ဆင်ထားရှိခြင်း၊
- အထောက်အပံ့ပေးသော ပြင်ပအဖွဲ့အစည်းများနှင့် အဆိုပါရည်မှန်းချက်များကို ဆွေးနွေးတိုင်ပင်ပြီး ၄င်းတို့၏ အကူအညီကို ယူခြင်းတို့ ဖြစ်သည်။

## ဝန်ထမ်းများ၊ အရေးကြီးသော အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုလုပ်ငန်း များကို ကာကွယ်ရန် အဆိုပြုထားသော အစီအမံများ

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးဌာနများကို ကာကွယ်ရေးမှာ ရှုပ်ထွေးပြီး စိန်ခေါ်မှုများရှိသည့်အပြင် အလုံးစုံကာကွယ်မှုပြုနိုင်ရန်မှာလည်း မဖြစ်နိုင်ပေ။ ဘေးအန္တရာယ်ကျရောက်နိုင်သည့် အတိုင်းအတာ၊ ထိခိုက်လွယ်မှုအတိုင်းအတာနှင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု၏ အရေးပါမှုအခြေအနေများ အပေါ်မူတည်၍ ဘေးအန္တရာယ်လျှော့ပါးရေး အစီအမံများကို ရွေးချယ်သင့်သည်။ အဆိုပါဘေး အန္တရာယ်လျှော့ပါးရေး အစီအမံများမှာလည်း လုပ်နိုင်စွမ်းရှိသည့်အတိုင်းအတာအတွင်း ရှိရမည်ဖြစ်ပြီး အချိန်ကြာသည်နှင့်အမျှ ပိုမိုကောင်းမွန်အောင် မွမ်းမံရမည်ဖြစ်သည်။ အောက်ပါအချက်များမှာ အခြေအနေ တစ်ခုစီအတွက် သင့်တော်သော ဘေးအန္တရာယ်လျှော့ပါးရေး အစီအမံများကို သတ်မှတ်ခြင်း၊ အစီအစဉ်ရေး ဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရာတွင် အထောက်အကူပြုစေရန် အကြံပြုထား သည့် လုပ်ငန်းများဖြစ်သည်။

- ဘေးအန္တရာယ်ကျရောက်နိုင်ပြီး လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် အရေးပါသည့် လုပ်ငန်းများနှင့် အဆောက်အဦးများအဖြစ် ဖော်ထုတ်သတ်မှတ်နိုင်ရန် စစ်တမ်းတစ်ခုပြုလုပ်ခြင်း၊
- ဝန်ထမ်းများ၊ ကျန်းမာရေးဌာနများ၊ လူနာများနှင့် အရေးပါသော ဝန်ဆောင်မှုများကို အကာအကွယ်ပေးနိုင်ရန် လိုအပ်သော၊ လက်တွေ့ကျသော ဘေးအန္တရာယ်လျှော့ပါးရေး အစီအမံများအား ဖော်ထုတ်သတ်မှတ်ခြင်း၊

- ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများအား “လုပ်ဆောင်ရန် လွယ်ကူမှု” မှစ၍ “ကျန်းမာရေး လုပ်ငန်းများ လည်ပတ်နိုင်ရန် အရေးပါမှု” အထိ အဆင့်ဆင့် အဆင့်သတ်မှတ်ပြီး ၎င်းအစီအမံများကို ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊
- အဆင့်အလိုက် လုပ်ဆောင်ရမည့် နည်းဗျူဟာတစ်ခုကို ရေးဆွဲပြီး ရရှိနိုင်မည့် အရင်းအမြစ်များ၊ အထောက်အပံ့များနှင့် ယေဘူယျအခြေအနေများအပေါ်မူတည်၍ အဆိုပါနည်းဗျူဟာ၏ တစ်ဆင့်ချင်းစီကို မည်သို့အောင်မြင်စွာလုပ်ဆောင်ရမည်ကို အစီအစဉ်ရေးဆွဲခြင်း၊
- အဆိုပါ နည်းဗျူဟာ၏ အစိတ်အပိုင်းတစ်ခုချင်း (သို့) အစိတ်အပိုင်းများအတွက် လိုအပ်ချက်များကို ဖော်ထုတ်ထားပြီး ထိုသတင်းအချက်အလက်များကို ပြင်ပမှ အကူအညီပေးနေသော အဖွဲ့အစည်းများ နှင့် မှုဝေကာ လိုအပ်သည်များကို ထောက်ပံ့ပေးနိုင်ရန် အကူအညီတောင်းခံခြင်း၊
- ရွေးချယ်ထားသော ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများအား လုပ်ဆောင်နိုင်ရန် လမ်းညွှန်ချက်များ ရေးဆွဲခြင်း၊
- ကျန်းမာရေးဌာန (သို့) ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာ ပတ်ဝန်းကျင်တွင် မောင်းသူမဲ့လေယာဉ် ပျံသန်းနေသည်ကို သိရှိပါက လုပ်ဆောင်ရမည့် အရေးပေါ်အစီအစဉ်များကို ကြိုတင်ရေးဆွဲခြင်း၊
- မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်လာပါက လုပ်ဆောင်ရမည့် အရေးပေါ်အစီအစဉ်များကို ကြိုတင် ရေးဆွဲခြင်း၊
- ကျန်းမာရေးဝန်ထမ်းများကို အရေးပေါ်တုံ့ပြန်လုပ်ဆောင်ရမည်များ၊ အရေးပေါ်အစီအစဉ်များနှင့် ပတ်သက်၍ သင်တန်းပေးခြင်း၊
- မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခါနီးတွင် သတိပေးစနစ်နှင့် ဘေးအန္တရာယ်တစ်ခုချင်းစီကို ကိုင်တွယ်ရန် ပိုမိုရှင်းလင်းသော နည်းလမ်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် ရှင်းလင်း၍ နားလည်ရန်လွယ်ကူသော သင်္ကေတများနှင့် အညွှန်းများကို ဖန်တီးခြင်း၊
- ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လည်ပတ်နေရာ နယ်မြေအခြေအနေများကို အမြဲစောင့်ကြည့်ပြီး လိုက်လျောညီသော ပြုပြင်ပြောင်းလဲလွယ်သည့် နည်းဗျူဟာများ ချမှတ်ခြင်း၊
- တိုက်ခိုက်မှုပုံစံပြောင်းလဲလာခြင်းသည် ဘေးဥပါဒ်အကြောင်းရင်းများကိုလည်း ပြောင်းလဲစေနိုင်ကြောင်း မှတ်ယူထားသင့်ပြီး ၎င်းတို့ကို ကိုင်တွယ်နိုင်ရန် နည်းဗျူဟာများ ချမှတ်ထားသင့်သည်။

## ၁။ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခြင်းကြောင့် ဖြစ်စေသော ဘေးအန္တရာယ်များ လျော့ပါးစေရန် အကြံပြုထားသော အစီအမံများ

### ဘေးအန္တရာယ်လျော့ပါးရေးအတွက် ယေဘူယျ စည်းမျဉ်းများ

**ဘေးအန္တရာယ်လျော့ပါးရေးအစီအမံဆိုသည်မှာ ဘေးအန္တရာယ်၊ ခြိမ်းခြောက်မှု (သို့) ထိခိုက်မှုကို နည်းပါး (သို့) လျော့ပါးစေမည့် လုပ်ဆောင်ချက် (သို့) နည်းဗျူဟာတစ်ခုဖြစ်သည်။ အဆိုပါအစီအမံများကို ကျန်းမာရေး ဝန်ထမ်းတစ်ဦးချင်း၊ ကျန်းမာရေးအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများ၊ လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီရေးအတွက် လုံခြုံရေးနှင့် အကာအကွယ်ပေးမှုကို တိုးပွားစေရန် လုပ်ဆောင်ရာတွင် အသုံးပြုနိုင်သည်။ ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများကို မိမိ၏ ကျန်း မာရေးလုပ်ငန်းတွင် ကြုံတွေ့ရသည့် ဘေးအန္တရာယ်များအပေါ်မူတည်၍ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရေးဆွဲ လုပ်ဆောင်သင့်သည်။**

ကျန်းမာရေးလုပ်ငန်းများကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန် ဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များကို အောက်တွင်ဖော်ပြထားသည်။

- မောင်းသူမဲ့လေယာဉ်ကို မြင်နိုင်သည့် (သို့) ပျံသန်းနေသည့် အကာအကွယ်မဲ့နေရာများတွင် ဝန်ထမ်းများရှိနေသည့် အချိန်ကို လျော့ချရန်၊
- လူနာများကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရနိုင်ချေရှိသည့်အခြေအနေများအား နည်းပါးစေနိုင်မည့် ကျန်းမာရေးစနစ် လုပ်ငန်းစဉ်များကို ဖွဲ့စည်းတည်ဆောက်ရန်၊
- တိုင်ပင်ဆွေးနွေးစဉ်၊ ဆေးကုသမှုပေးစဉ်နှင့် စောင့်ရှောက်မှုပေးစဉ် ကျန်းမာရေးဝန်ထမ်းများ၊ လူနာများနှင့် ကျန်းမာရေးလုပ်ငန်းများအား ဘေးအန္တရာယ်ကျရောက်စေနိုင်မည့် အချက်များကို ထည့်သွင်း စဉ်းစားရန်၊
- မလှုပ်ရှားနိုင်သော လူနာများ (ဥပမာ - အထူးကြပ်မတ်ခန်းရှိ လူနာများ၊ ခွဲစိတ်လူနာများနှင့် ကလေးအထူးကြပ်မတ်ခန်းရှိ ကလေးလူနာများ)အပါအဝင် လူနာများအား အရေးပေါ်ကယ်ထုတ်ခြင်းကဲ့သို့သော အရေးပေါ်လုပ်ငန်းစဉ်များအတွက် လူနာများ၏ လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားရန်၊
- ကျန်းမာရေးစနစ်အတွင်းရှိ အရေးပါသော လုပ်ငန်းစဉ်များကို သတ်မှတ်ရန် (ထိုလုပ်ငန်းစဉ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုကို ဆက်လက်ထိန်းထားနိုင်ရန် အရေးပါသော ကုသရေးပစ္စည်းများနှင့် ကိရိယာများအား သတ်မှတ်ထားခြင်းနှင့် အဆိုပါပစ္စည်းကိရိယာများကို ထိခိုက်မှုနည်းပါးနိုင်မည့်နေရာများဖြစ်သော မြေအောက်ခန်းများ (သို့) ကျန်းမာရေးဌာနနှင့်ဝေးရာ မထင်မရှား အဆောက်အအုံများတွင် သွားထားခြင်းတို့ ပါဝင်သည်)၊
- ကျန်းမာရေးဝန်ဆောင်မှုများကို နေရာများဖြန့်၍ လုပ်ဆောင်ပြီး တစ်နေရာထဲတွင် လူအများအပြား စုရုံးမှုကို လျော့ချခြင်းဖြင့် ကျန်းမာရေးလုပ်ငန်းစဉ်များကို ဗဟိုချုပ်ကိုင်ထားမှုနည်းစေသည့် နည်းလမ်းကိုလည်း ထည့်သွင်းစဉ်းစားရန်၊

- တစ်ချိန်တည်းတွင် ဆေးရုံအတွင်းရှိသည့် လူနာအရေအတွက်နည်းစေရန် ဆေးရုံဆင်းခွင့်ပေးခြင်း စနစ်ကို လုပ်ဆောင်ခြင်းအား ထည့်သွင်းစဉ်းစားရန်၊
- ဆေးရုံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းအရေအတွက်ကို ကန့်သတ်ထားရန် (နေရာအနှံ့ ကျန်းမာရေး ဝန်ထမ်းများနှင့် ကျန်းမာရေးလုပ်ငန်းများ ဖြန့်ခွဲထားရန် ဖြစ်နိုင်ချေရှိ/မရှိ ထည့်သွင်းစဉ်းစားရန်)၊
- ရက်သတ္တပတ်၏ တူညီသော ရက်၊ တူညီသောအချိန်အတွင်း ဆွေးနွေးကုသခြင်းများကို သတ်သတ်မှတ်မှတ် လုပ်ဆောင်ခြင်းကဲ့သို့သော ပုံမှန်လုပ်ငန်းဆောင်တာများသည် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်နိုင်ရာတွင် အလွယ်တကူ ရှာဖွေသတ်မှတ်နိုင်ပြီး အခွင့်ကောင်းယူနိုင်သည့်အတွက် ရှောင်ကြဉ်ရန်၊
- မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း ကျန်းမာရေးအဖွဲ့များ၊ လူနာများနှင့် ၎င်းတို့ မိသားစုဝင်များအတွက် လုံခြုံသော ပုန်းခိုစရာနေရာများ ဆောက်လုပ်ခြင်း (သို့) ခိုင်မာအောင် ပြုပြင်ခြင်းများကို ထည့်သွင်းစဉ်းစားရန်တို့ ဖြစ်သည်။

## စောစီးစွာ သတိပေးစနစ်များ

**စောစီးစွာ သတိပေးခြင်းဆိုင်ရာ ယန္တရားများမှာ မိနစ်အနည်းငယ်မျှ စောစီးစွာ သတိပေးနိုင်ခြင်းကြောင့် အသက်ပေါင်းများစွာကို ကယ်တင်ရာတွင် အရေးပါလှပေသည်။ ဖြစ်နိုင်ချေရှိသော စောစီးစွာ သတိပေး စနစ်များကို စမ်းသပ်လုပ်ဆောင်ကြည့်သင့်ပေသည်။ သို့ရာတွင် နိုင်ငံတော်အစိုးရမဟုတ်သော အဖွဲ့အစည်း များအတွက် မောင်းသူမဲ့လေယာဉ်များနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်မည့် ဒေသန္တရဆိုင်ရာ စောစီးစွာ သတိပေးခြင်းစနစ်များမှာ များစွာမရှိပေ။ အောက်တွင် စမ်းသပ်အသုံးပြုနိုင်မည့် နည်းလမ်းများကို ဖော်ပြထား သည်။**

- ရေဒီယိုလှိုင်း ပတ်လမ်းစီးဆင်းမှု လက္ခဏာများဖြစ်သော ကြိမ်နှုန်းတုံ့ပြန်မှု၊ ဆူညံမှု/အနှောင့်အယှက် နှင့် ပုံပျက်ခြင်းစသည်တို့ကို တိုင်းတာသည့် အသံလှိုင်းစဉ် တိုင်းတာစက် (Spectrum analyser) များကို စောစီးစွာ သတိပေးနိုင်ရန် လုပ်ဆောင်ရာတွင် အသုံးပြုနိုင်သည်။
- ကောင်းကင်တွင် စောင့်ကြည့်ရန်နှင့် မောင်းသူမဲ့လေယာဉ်၏ မော်တာသံကို နားထောင်ရာတွင် မှန်ဘီလူးများကို သုံးသင့်သည်။ အသံနားထောင်သည် နေ့အချိန်ထက် ညအချိန်တွင် လုပ်ဆောင်ရ ပိုလွယ်ကူသည်။ သို့သော် မောင်းသူမဲ့လေယာဉ်များသည် စက်သံပိုငြိမ်လာပြီး ၎င်းစက်သံကို မီတာအနည်းငယ်မှသာ ကြားနိုင်သည်။
- ဒေသအတွင်း စစ်ဆင်ရေးများ တိုးမြင့်လာခြင်း၊ ရုတ်တရက် ဂျီပီအက်စ်များ သုံးမရခြင်း (သို့) ရေဒီယို/ဆက်သွယ်ရေးများ အကြောင်းပြချက်မရှိပဲ လိုင်းမမိတော့ခြင်းစသည့် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်ချေရှိသော သတိပေးလက္ခဏာများကို သတိထားနေသင့်သည်။
- မောင်းသူမဲ့လေယာဉ်ပျံသန်းနေကြောင်း ထောက်လှမ်းမိပါက မိမိကျန်းမာရေးဌာနအဝေးမှနေ၍ စောင့်ကြည့်သတိပေးနိုင်မည့် "လူကိုယ်တိုင် စောင့်ကြည့်ကင်းထောက်ခြင်းကွန်ရက်" တစ်ခု တည် ဆောက်သင့်သည်။ အဆိုပါ ကင်းထောက်များနှင့် ဆက်သွယ်နိုင်မည့် နည်းလမ်းများ (ဥပမာ - ဝေါ်ကီတော်ကီအသုံးပြုခြင်း)ကိုလည်း စဉ်းစားထားသင့်သည်။

## ကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီခြင်းနှင့် လူနာများ ကို ကာကွယ်ရန် ဘေးအန္တရာယ်လျှော့ပါးရေး အစီအမံများ

**ကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီခြင်းနှင့် လူနာများကို ကာကွယ်ရန် ဘေးအန္တရာယ်လျှော့ပါးရေး အစီအမံများမှာ ဘေးအန္တရာယ်များကို လျှော့ပါးစေရန်နှင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်မည့် ကျန်းမာရေးစနစ်များကို ထိခိုက်မှုများအား နည်းပါးစေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် နည်းဗျူဟာများ ဖြစ်သည်။**

- မိမိတို့လုပ်ဆောင်နေသော ကျန်းမာရေးလုပ်ငန်းများ၏ လုပ်ငန်းစဉ်များနှင့် ဖြစ်စဉ်များ၊ သက်ဆိုင်မည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး အဆိုပါ လုပ်ငန်းစဉ်များနှင့် ဖြစ်စဉ်များအပေါ် ကျရောက် လာနိုင်သော ဘေးအန္တရာယ်များကို လျှော့ပါးစေရေးနည်းလမ်းများကို ထည့်သွင်းစဉ်းစားသင့်သည်။
- လူနာစောင့်ဆိုင်းရာ နေရာများ၊ တိုင်ပင်ဆွေးနွေးကုသရာနေရာများ၊ ခွဲစိတ်ခန်းများ၊ ပြန်လည် သန်စွမ်းရေးကုသခန်းများ၊ ဓါတ်ခွဲခန်းများ၊ ခွဲစိတ်ပြီး လူနာအခန်းများ၊ ဆေးဝါးသိုလှောင်ရာနေရာများ၊ လူနာစောင့် နားခိုရာနေရာများနှင့် စားဖိုဆောင်များတွင် လုပ်ဆောင်ရသည့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ထည့်သွင်းစဉ်းစားပြီး အဆိုပါနေရာများအား နေရာကျယ်ကျယ်ခွဲခြားထားပြီး တစ် နေရာချင်းတွင် ရှိမည့် လူဦးရေကိုလည်း အနည်းဆုံးဖြစ်အောင် ကန့်သတ်ထားခြင်းစသည့် နည်းလမ်း များကို စဉ်းစားလုပ်ဆောင်သင့်သည်။
- လူနာအုပ်စုများအား တစ်ခုနှင့် တစ်ခု ခွဲခြားထားသည့် နည်းလမ်းများကိုလည်း ထည့်သွင်း စဉ်းစားထားရန်၊ မိမိကျန်းမာရေးဌာနတွင် ဒါဏ်ရာရ စစ်သည်များနှင့် ဆန္ဒပြသူများအား ကုသ ပေးပါက အဆိုပါလူနာများအား ကလေး (သို့) မွေးလူနာများနှင့် သီးခြားထား၍ ပြုစုကုသပေးရမည်။
- ဒါဏ်ရာရစစ်သည်များ (သို့) ဆန္ဒပြသူများကို ကာကွယ်ရန် အဆိုပါလူနာများ၏ အချက်အလက်များကို လျှို့ဝှက်ထားသည့် အစီအမံများကို အားကောင်းလာစေရန် ထည့်သွင်းစဉ်းစားသင့်သည်။
- ကျန်းမာရေးအဖွဲ့များ တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းရာတွင် ကြုံတွေ့ရနိုင်မည့် ဘေးအန္တရာယ် များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။
- အရပ်ဖက် အဆောက်အအုံနှင့် အနီးအနားကို တိုက်ခိုက်ခံရပါက နှစ်ကျော့ပြန်တိုက်ခိုက်ခြင်း[1] ခံရနိုင် ကြောင်း သတိပြုပါ။

[1] နှစ်ကျော့ပြန်တိုက်ခိုက်ခြင်း (double-tap attack)ဆိုသည်မှာ ကနဦးတိုက်ခိုက်ခံရပြီး မကြာမီတွင် တူညီသော ပစ်မှတ်ကို ဒုတိယအကြိမ် ပြန်လည်တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် ပထမတိုက်ခိုက်မှုအတွင်း ထိခိုက်ဒါဏ်ရာရသူများကို ကယ်ဆယ်ရန် လုပ်ဆောင်နေသည့် အရေးပေါ်ကယ်ဆယ်သူများနှင့် ကျန်းမာရေးလုပ်သားများ တိုက်ခိုက်ခံရပြီး ထိုသို့ဖြစ်စေရန်လည်း လုပ်ဆောင်ခြင်းဖြစ်သည်။

- ဆေးရုံအား ကယ်ဆယ်ရေးလုပ်ဆောင်ရန် လိုအပ်ပါက လိုက်နာဆောင်ရွက်ရမည့် ကယ်ဆယ်ရေး လုပ်ထုံးများကိုလည်း စဉ်းစားထားသင့်သည်။ လှုပ်ရှားနိုင်သည့်အတွက် ကယ်ထုတ်ရန် လွယ်ကူမည့် လူနာများနှင့် မလွယ်ကူမည့်လူနာများနှင့် ပတ်သက်၍လည်း ကြိုတင်စဉ်းစားထားသင့်သည်။
- ကျန်းမာရေးဌာနများသို့ လာရောက်ရန် ပြည်သူများ အသုံးပြုနိုင်မည့်လမ်းများ၊ ထိုလမ်းများကို အသုံးပြုရ၍ ကြုံတွေ့နိုင်မည့် ဘေးအန္တရာယ်များကို လျော့ပါးစေရေး အစီအမံများ၊ ထိုလမ်းများကို ရေရှည်အသုံးပြုနိုင်ရေးနည်းလမ်းများ စသည်တို့နှင့် ပတ်သက်၍လည်း ကြိုတင်စဉ်းစားထားရမည်။
- အရေးပေါ်အခြေအနေအတွက် ကောင်းစွာကြိုတင် ပြင်ဆင်ထားသင့်ပြီး ဆေးဝါးနှင့် ထောက်ပံ့ရေး ဆိုင်ရာကိစ္စများ (မီးစက်အတွက် လောင်စာဆီများ အပါအဝင်)ကို ကြိုတင်စဉ်းစားထားသင့်သည်။
- တိုက်ခိုက်ခံရမှုဖြစ်ပွားပါက သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းအနေဖြင့် လုပ်ဆောင်ရန် လုပ်ထုံးများ ကို ကြိုတင်ရေးဆွဲထားပြီး လိုအပ်သော သင်တန်းများပေးခြင်းကိုလည်း လုပ်ဆောင်သင့်သည်။

## ဘေးအန္တရာယ်များ လျော့ပါးစေရန် ဆောင်ရွက်ချက်များကို အဆိုပြုခဲ့သည်။ ဒဏ်ရာများဖြင့် တိုက်ခိုက်ခြင်း

| ဇယား ၁ - ကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီခြင်းနှင့် လူနာများကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခြင်းများမှ ကာကွယ်ရန် လုပ်ဆောင်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များ | | | |
|---|---|---|---|
| **ရှောင်ရန်** | **ဥပမာများ** | **ဆောင်ရန်** | **ဥပမာများ** |
| အပြင်ဖက်တွင် လူအများအုပ်စုလိုက် စုရုံးခြင်း၊ စောင့်ဆိုင်းခြင်းကို ဖြစ်စေနိုင်သော ဝန်ဆောင်မှုများ | ကလေးများနှင့် နို့တိုက်မိခင်များအတွက် အထူးအာဟာရ လုပ်ငန်းများ လုပ်ဆောင်ရာတွင် လူနာများအနေဖြင့် မိမိအလှည့်ရောက်ရန် တန်းစီစောင့်ဆိုင်းဖို့ လိုအပ်သဖြင့် အဆိုပါပုံစံမျိုးဖြင့် မလုပ်ဆောင်သင့်ပေ။ | လူနာများကို စုရုံးစေပြီး ဝန်ဆောင်မှုပေးခြင်းထက် ဘေးအန္တရာယ် လျော့ပါးစေရန်အတွက် လူနာတစ်ဦးချင်း အနေဖြင့် လုပ်ဆောင်သင့်သည်။ | လူနာတစ်ဦးချင်း ရက်ချိန်းယူကာ ကုသခြင်း (သို့) ပုံမှန်ကုသခြင်းလုပ်ဆောင်ရန် လူနာများအား စီမံလုပ်ဆောင်လွယ်သော အဖွဲ့ငယ်များအဖြစ် ခွဲတမ်းချကာ ကုသခြင်း။ |
| ဝန်ဆောင်မှုများကို ပုံမှန်၊ ခန့်မှန်းနိုင်သော အချိန်များတွင် ပြုလုပ်ခြင်း | ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းကို ဗုဒ္ဓဟူးနေ့ မွန်းလွဲတိုင်းတွင် မလုပ်ဆောင်ရန်၊ လူနာများအား မိမိအလှည့်ကို စောင့်ဆိုင်းရာတွင် ကျန်းမာရေးဌာနအပြင်ဖက်တွင် မစောင့်ဆိုင်းစေရန်။ | လူနာစောင့်ဆိုင်းရာနေရာကို ကျန်းမာရေးဝန်ဆောင်မှုပေးရာနှင့် လှမ်းသောနေရာတွင် ပြုလုပ်ရန်။ | အချိန်တစ်ခုအတွင်း ကျန်းမာရေးဌာနသို့ မဝင်ရောက်မီ ကျန်းမာရေးဌာနမှ အနည်းငယ်လှမ်းသော နေရာတွင် လူနာများ လုံခြုံစွာစောင့်ဆိုင်းနေနိုင်မည့် နေရာကို |

| | | | |
|---|---|---|---|
| | | | ရှာဖွေသတ်မှတ်ရ<br>န်။ |
| ပွဲ/ဆောင်ရွက်မှုများနှင့်<br>ပတ်သက်၍<br>ဆိုရှယ်မီဒီယာတွင်<br>မကြေငြာပါနှင့်။ | "ကာကွယ်ဆေးများ<br>ရောက်ရှိလာပြီဖြစ်၍<br>လာမည့်<br>ကြာသပတေးနေ့တွင်<br>ကာကွယ်ဆေးထိုးကြပါ"<br>ကဲ့သို့သော<br>ကြေငြာချက်မျိုးကို<br>ဆိုရှယ်မီဒီယာတွင်<br>မထုတ်ပြန်ပါနှင့်။ | လူနာများအတွက်<br>ကျန်းမာရေးဌာန<br>အပြင်ဖက်တွင်<br>စောင့်ဆိုင်းချိန်ကို<br>အများဆုံးအနေဖြ<br>င့်<br>မိနစ်အနည်းငယ်<br>သာ ကြာပါစေ။ | ကျန်းမာရေးဌာန<br>သို့<br>ရောက်ရှိသည်နှင့်<br>လူနာများကို<br>အထဲသို့<br>ပေးဝင်ပါ။ |
| ကျန်းမာရေးဌာနသို့<br>လမ်းခရီးအသွားအပြန်<br>ဘေးမကင်းသောလူနာများအ<br>တွက် ရက်ချိန်းများ<br>မလုပ်ပါနှင့်။ | မိမိနေရာဒေသတွင်<br>စစ်ရေးတင်းမာခြင်း၊<br>တိုက်ပွဲများဖြစ်နေခြင်းများ<br>ရှိပါက ဝန်ဆောင်မှုပေးမည့်<br>ရက်ချိန်းကို<br>ပြန်လည်ပြောင်းလဲရန်<br>စဉ်းစားပါ။ | ကျန်းမာရေးစောင့်<br>ရှောက်မှု<br>လုပ်ငန်းအဆင့်ဆ<br>င့်ကို<br>တည်နေရာခွဲခြား<br>ထားသင့်သည်။<br>ဆိုလိုသည်မှာ<br>ကုသမှုလုပ်ငန်းစဉ်<br>တွင် ပါဝင်သည့်<br>အဆင့်များပြုလုပ်<br>ရာနေရာများကို<br>တစ်နေရာနှင့်<br>တစ်နေရာ<br>ခပ်လှမ်းလှမ်းထား<br>သင့်သည်။ | ကနဦး<br>တိုင်ပင်ဆွေးနွေး<br>ကုသမှုပေးသည့်<br>နေရာကို<br>ခွဲစိတ်ကုသမှုပေး<br>ရာနေရာနှင့်<br>မတူညီသော<br>နေရာတွင်<br>ပြုလုပ်သင့်သည်။<br>မောင်းသူမဲ့လေ<br>ယာဉ်၏<br>ပစ်မှတ်ထားတိုက်<br>ခိုက်မှုမှ<br>ခွဲစိတ်ခန်းအား<br>ကာကွယ်ရန်<br>ခွဲစိတ်ပြီး လူနာကို<br>အခြားနေရာသို့<br>ရွှေ့သင့်သည်။ |

## ဘေးအန္တရာယ်များ လျော့ပါးစေရန် ဆောင်ရွက်ချက်များကို အဆိုပြုခဲ့သည်။ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်း

### ကျန်းမာရေးအဆောက်အဦးများနှင့် အခြေခံအဆောက်အအုံများကို ကာကွယ်ရန် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ

**ကျန်းမာရေးဝန်ဆောင်မှုကို ထိန်းသိမ်းနိုင်ရန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများကို မောင်းသူမဲ့လေယာဉ် ဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်နိုင်ရန် ကျန်းမာရေး အဆောက်အဦးများနှင့် အခြေခံအဆောက်အအုံများ အတွက် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများမှာ ဘေးအန္တရာယ်လျော့ချရေးနှင့် ကျန်းမာရေးဌာနများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို သေချာစေရန် လုပ်ဆောင်မှုများအပေါ်တွင် ဦးတည်ထားသည်။**

- ဖြစ်နိုင်ပြီး သင့်တော်ပါက ပြတင်းပေါက်များတွင် ပေါက်ကွဲမှုဒါဏ်ခံနိုင်သော မှန်လွှာများတပ်ခြင်း၊ ပြတင်းပေါက်ရှေ့တွင် သဲအိတ်များထားခြင်းကဲ့သို့သော လုံခြုံရေးအစီအမံများ လုပ်ဆောင်ပါ။ လုံခြုံသောအခန်းများ သတ်မှတ်ထားခြင်း၊ အရေးကြီးသော ကျန်းမာရေးလုပ်ငန်းလုပ်ဆောင်ရန်နှင့် လူနာ မိသားစုနှင့် အခြားသူများ ပုန်းခိုရန်ကတုတ်ကျင်းများ (သို့) မြေအောက်ခန်းများကို အသုံးပြုခြင်း စသည်တို့ကိုလည်း ကြိုတင်စဉ်းစားထားသင့်သည်။
- သတ်မှတ်ထားသော လုံခြုံရာ (သို့) ပုန်းခိုရာနေရာများတွင် ရေနှင့် လျှပ်စစ်မီးရနိုင်ရန် ပြင်ဆင်ထား သင့်သည်။
- လုံခြုံရာ (သို့) ပုန်းခိုရာနေရာများတွင် ရှေးဦးသူနာပြုပစ္စည်းများ၊ သင်ကြားရေးပစ္စည်းများ၊ ခွဲစိတ် ကုသရန် ဆေးဝါးနှင့် ကိရိယာများ၊ HIV ပိုးနှင့် ထိတွေ့ပြီးနောက် ကူးစက်မှုကာကွယ်သည့် ဆေးဝါး များ၊ ကလေးနှင့် သားဖွားမီးယပ်ဆိုင်ရာ ကိရိယာများကို လုံလောက်စွာ ဖြည့်တင်းထားရှိရမည်။
- လုံခြုံရာ (သို့) ပုန်းခိုရာနေရာများတွင် သင့်တော်သော ဆက်သွယ်ရေးပစ္စည်းများ ထားရှိရမည်။
- အဆောက်အဦးကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုမှ ကာကွယ်မည့် မူလအစီအမံများ မအောင်မြင်ပါက အရေးပေါ်လုပ်ဆောင်ရမည့် အစီအမံများကိုလည်း ကြိုတင်စီမံထားသင့်သည်။

### ရွှေ့လျားဆေးကုအဖွဲ့များအတွက် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

ရွှေ့လျားဆေးကုအဖွဲ့များအတွက် ဘေးအန္တရာယ်လျော့ချရေး အစီအမံများမှာ ပဋိပက္ခဖြစ်ပွားရာ ဒေသများ တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို လုံခြုံစေရန်နှင့် ထိရောက်မှုရှိစေရန် နည်းလမ်းများ၊ ဘေး အန္တရာယ်လျော့ပါးစေရေးနည်းလမ်းများအပေါ်တွင် ဦးတည်ထားသည်။ အဆိုပါနည်းလမ်းများမှာ ယေဘူယျ အားဖြင့် ဘေးအန္တရာယ်များကို လျော့ပါးစေရန်နှင့် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုများအတွက်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ လူနာများနှင့် ဆေးဝါးဖြည့်တင်းမှုများကို ကာကွယ်ရာတွင် လုံခြုံရေးဆိုင်ရာ

ခြိမ်းခြောက်မှုများ၊ ထောက်ပို့ဆိုင်ရာ အခက်အခဲများနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အတားအဆီးများကို ဦးတည်ဖော်ပြထားသည်။

- ရွှေ့လျားဆေးကုအဖွဲ့များ၏ သွားလာမှုကို ဘေးအန္တရာယ်နှင့် မြင်သာမှုနည်းပါးမည့် နည်းလမ်းများ သုံးကာ ကြိုတင်စီစဉ်ပါ။
- ဆက်သွယ်ရေးအတွက် အသုံးတည့်ပြီး မောင်းသူမဲ့လေယာဉ် (သို့) အခြားပုံစံဖြင့် တိုက်ခိုက်ခံရနိုင်ချေရှိသည့် သံသယဖြစ်ဖွယ် အချက်ပြမှုများ မဖြစ်စေသော သင့်တော်ရာ ဆက်သွယ်ရေးနည်းလမ်းကို သုံးပါ။
- ရွှေ့လျားဆေးကုအဖွဲ့အား ကျဉ်းထဲကျပ်ထဲအခြေအနေများ (ဥပမာ- တံတားများ၊ ရိတ်သိမ်းထားသော လယ်ကွင်းများ၊ အခြားသစ်တောပြုန်းတီးနေသော နေရာများတွင် ခရီးသွားသူကို ပိုမိုမြင်သာနိုင်ပြီး မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်လာပါက လွတ်မြောက်ရန် (သို့) ပုန်းခိုရန် အခွင့်အရေးနည်းပါး မည်)ကြောင့် မြင်သာသွား၍ တိုက်ခိုက်ခံရသော ဘေးအန္တရာယ်များကို ကြိုတင်စဉ်းစားထား၍ စိတ်ချ လုံခြုံရသော လမ်းကြောင်းကို စီစဉ်ပါ။
- ဖြစ်နိုင်ပြီး သင့်တော်ပါက ရွှေ့လျားဆေးကုအဖွဲ့သားများအား တစ်ကိုယ်ရည်သုံး အကာအကွယ် ပစ္စည်းများ (သို့) အခြားဝတ်ဆင်စရာများကို ထောက်ပံ့ပေးရန် ထည့်သွင်းစဉ်းစားထားသင့်သည်။
- ကျန်းမာရေးဝန်ထမ်းများ ခရီးသွားခြင်းကို မသိသာစေရန်နှင့် တိုက်ခိုက်ခံလာရပါက သက်ရောက်မှုကို နည်းပါးစေရန် ကျန်းမာရေးဝန်ထမ်းများ၏ ခရီးစဉ်နှင့် ဆေးဝါး၊ ကိရိယာများသယ်ဆောင်ခြင်းကို သီးခြားလုပ်ဆောင်သင့်သည်။
- လူနာတင်ယာဉ်ပေါ်နှင့် ကျန်းမာရေးဝန်ထမ်း၏ အဝတ်အထည်ပေါ် ရှိ အလင်းပြန်သော၊ အရောင် တောက်သော အရောင်ဆင်မြန်းမှုများကို ဖုံးအုပ်ခြင်း၊ ဖယ်ရှားခြင်းများ ပြုလုပ်သင့်သည်။
- လူနာတင်ယာဉ် (သို့) ကျန်းမာရေးလုပ်ငန်းသုံးယာဉ်များကို ဆေးရုံရှေ့အပြင်ဖက်တွင် ရပ်နားထား ခြင်းမပြုပဲ ကြိုတင်စီစဉ်ထားသည့် လုံခြုံရာနေရာတွင် ရပ်နားသင့်သည်။

## ဘေးအန္တရာယ်များ လျော့ပါးစေရန် ဆောင်ရွက်ချက်များကို အဆိုပြုခဲ့သည်။ ဒဏ်ရာများဖြင့် တိုက်ခိုက်ခြင်း

| ဇယား ၂ - ရွှေ့လျားဆေးကုအဖွဲ့များကို ကာကွယ်ရာတွင် ဆောင်ရန်၊ရှောင်ရန်များ | | | |
|---|---|---|---|
| **ရှောင်ရန်** | **ဥပမာ** | **ဆောင်ရန်** | **ဥပမာ** |
| ရွှေ့လျားဆေးကုဝန်ဆောင်မှုများအတွက် တူညီသော အချိန်တွင် တူညီသော လမ်းကြောင်းကို မသုံးပါနှင့်။ | ဆေးကုအဖွဲ့သည် တနင်္လာနေ့တိုင်း နံနက် ၉ နာရီတွင် ကျန်းမာရေးဌာနမှ မြောက်အရပ်သို့ ထွက်ခွာလေ့ရှိခြင်းမျိုးကို ရှောင်ကြဉ်သင့်သည်။ | **ရွှေ့လျားဆေးကု အဖွဲ့များအတွက် မတူညီသော အချိန်ဇယား၊ မတူညီသော လမ်းကြောင်းများကို ကြိုတင်စီစဉ်ပါ။** | ရွှေ့လျားဆေးကု အဖွဲ့အတွက် အပတ်စဉ် ဆေးကုအချိန်ဇယားနှင့် လမ်းကြောင်းကို မတူညီအောင် အမျိုးမျိုးစီစဉ်ပါ။ |
| လက်နက်ကိုင်အဖွဲ့များ အသုံးပြုလေ့ရှိသော ယာဉ်နှင့် ဆင်တူသည့် ယာဉ်များကို မသုံးပါနှင့်။ | မော်တော်ယာဉ်ကို လမ်းပေါ်တွင် အလွယ်တကူမမြင်အောင် စစ်ကားပုံစံ ပုံဖျက်ရန် ဆေးသုတ်ခြင်းများသည် စစ်မော်တော်ယာဉ်ဟု ယူဆနိုင်သဖြင့် မပြုလုပ်သင့်ပါ။ | **အရပ်သားယာဉ်များနှင့် တူညီသော လမ်းကြောင်းတွင် ရောနှော၍ သွားလာခြင်း ပြုလုပ်ပါ။** | မော်တော်ဆိုင်ကယ် (သို့) ကိုယ်ပိုင်ယာဉ်များကို သုံးပါ။ |
| လူနာတင်ယာဉ်နှင့် အရေးပေါ်ဆေးကုအဖွဲ့ကို ရောင်ပြန်အမှတ်အသားများဖြင့် မြင်လွယ်အောင်မပြုလုပ်သင့်ပါ။ | ရှေးဦးသူနာပြုများအနေဖြင့် နှစ်ကျော့ပြန်တိုက်ခိုက်ခြင်းကို ဖြစ်စေမည့် မိမိကို မြင်လွယ်သော၊ ရောင်ပြန်ပါသော အင်္ကျီဝတ်ဆင်ခြင်းမျိုး မပြုသင့်ပါ။ | **ကျန်းမာရေးဝန်ထမ်း၊ လူနာတင်ယာဉ်မှန်း မသိသာစေရန် အဆင့်များကို လုပ်ဆောင်ပါ။** | ရှေးဦးသူနာပြုများ အနေဖြင့် ပုံမှန်အရပ်ဝတ်များ ဝတ်ဆင်ခြင်း၊ လူနာတင်ယာဉ်ပေါ် ရှိ ရောင်ပြန်အမှတ်အသားများကို ရွှံ့ဖြင့် ဖုံးအုပ်ခြင်းတို့ |

| | | | |
|---|---|---|---|
| | | | လုပ်ဆောင်သင့်သည်။ |
| ကြီးမားသော အဖွဲ့ဖွဲ့၍ ခရီးမသွားပါနှင့်။ | မော်တော်ယာဉ်များစွာ စီတန်း၍ ယာဉ်တန်းအသွင် ခရီးသွားသည့် အခြေအနေကို ရှောင်ပါ။ | **မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရချေရှိသည့် ယာဉ်တန်းအသွင်မပေါက်စေရန် မော်တော်ယာဉ်များကို ခွဲ၍ သွားသင့်သည်။** | အဖွဲ့သားများကြား အကွာအဝေးကို တိုးစေရန် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအနေဖြင့် မတူညီသော အချိန်တွင် ထွက်ခွာသင့်သည်။ |
| ရွှေ့လျားဆေးကုအဖွဲ့ကို တာဝန်ပေးပြီး အကောင်းဆုံးကို မမျှော်လင့်ပါနှင့်။ | ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို သတင်းပေးခြင်း၊ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်လာပါက မည်သို့လုပ်ဆောင်ရမည်ကို သင်တန်းမပေးထားပဲ ရွှေ့လျားဆေးကုအဖွဲ့ကို အန္တရာယ်များသောနေရာသို့မလွှတ်ပါနှင့်။ | **အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများကို လမ်းညွှန်မှုပေးပါ။ (အောက်တွင်ကြည့်ပါ။)** | အရေးပေါ်အခြေအနေတွင် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများအား အမှတ်ရနေစေရန် ကျန်းမာရေးဝန်ထမ်းများအား အဆိုပါအစီအမံများနှင့် စပ်ဆက်သည့် အဓိကစည်းမျဉ်းများကို မကြာခဏပြောပြပေးပါ။ |

## ဘေးအန္တရာယ်များ လျော့ပါးစေရန် ဆောင်ရွက်ချက်များကို အဆိုပြုခဲ့သည်။ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်း

### ၂။ ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများကို ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ထိရောက်သော ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများအား လုပ်ဆောင်ရာတွင် အစီအစဉ်ဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အရင်းအမြစ်များရှာဖွေခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို သေချာစွာ လုပ်ဆောင်ရန် လိုအပ်သည်။ ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများအား ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အတွက် အရေးပါသော အဆင့်အချို့ကို အောက်တွင် ဖော်ပြထားသည်။

**ဝန်ထမ်းများကို ကာကွယ်နိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လက်လှမ်းမီခြင်းကို မဟန့်တားသော (သို့) မတားဆီးသော ဖြစ်နိုင်ချေရှိပြီး ထိရောက်သော ရေရှည်လုပ်ကိုင်နိုင်သည့် အစီအမံများကို ရှာဖွေသတ်မှတ်ခြင်း**

**လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်း**

ကျန်းမာရေးဝန်ဆောင်မှုတွင် ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များနှင့် ထိခိုက်လွယ်မှုအခြေအနေများကို ရှာဖွေသတ်မှတ်ပြီးပါက မိမိလုပ်ငန်းလုပ်ကိုင်ရာ ဒေသအတွင်း အဆိုပါ ဘေးအန္တရာယ်များနှင့် ထိခိုက်လွယ်မှုအခြေအနေများကို ကိုယ်တွင်ဖြေရှင်းနိုင်မည့် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများကို အကောင်အထည် ဖော်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသင့်သည်။ နေရာဒေသကို လိုက်၍ အသုံးတည့်နိုင်မည့် ဘေး အန္တရာယ်လျော့ပါးရေး အစီအစဉ်များကို အောက်တွင်ဖော်ပြထားသည်။

**တိုက်ခိုက်ခံရမှုဖြစ်ပွားပါက အောက်ပါလုပ်ငန်းဆောင်တာများအတွက် တာဝန်ယူလုပ်ဆောင်ပေးနိုင်မည့်သူကို ရွေးချယ်သတ်မှတ်ပါ -**

- အခြေအနေကို စောင့်ကြည့်ပေးပြီး ပုန်းခိုရာနေရာများမှ ထွက်ခွာနိုင်ရန် စိတ်ချရပြီဖြစ်ကြောင်း သတင်းပို့နိုင်မည့်သူများကို သတ်မှတ်ကာ တာဝန်ချထားသင့်သည်။
- အဆိုပါ တာဝန်ချခံရသူများသည် ပုန်းခိုရာနေရာများ (သို့) အရေးပေါ်တုံ့ပြန်မှုတစ်ခုလုံးအတွက် ညှိနှိုင်းလုပ်ဆောင်နေသူနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် သင့်တော်မည့် ဆက်သွယ်ရေးပစ္စည်းများကို လက်လှမ်းမီသင့်သည်။
- လူစုခွဲရန်နှင့် အပြင်းအထန် ဒါဏ်ရာရှိမနေသော လူများကို ကျန်းမာရေးဌာန/ လူနာတင် ယာဉ်/ ရွေ့လျားဆေးခန်းတို့မှ ရွှေ့ပြောင်းနိုင်ရန် လူစုလူဝေးကို ထိန်းချုပ်ခြင်းများအတွက် အစီအစဉ်ဆွဲသင့်သည်။
- လူနာများကို ကြိုတင် ဆက်သွယ်အသိပေးထားရန် ပြင်ဆင်ထားသင့်သည်။ လူနာများအတွက် ညွှန်ကြားချက်များကို ကြိုတင်သတ်မှတ်ထားသင့်ပြီး အရေးပေါ်အခြေအနေအတွင်း သက်ဆိုင်သူများက အဆိုပါညွှန်ကြားချက်များကို မှတ်မိနေကာ လုပ်ဆောင်နိုင်ရန် သေချာအောင် ပြင်ဆင်ထားသင့်သည်။

မည်သည့်သတင်းအချက်အလက်များအတွက် မည်သူက မည်သူ့ကို ဆက်သွယ်ရမည်ဟူသော အရေးပေါ် အခြေအနေဆိုင်ရာ ဆက်သွယ်ရေးလုပ်ထုံးလုပ်နည်းကို ပြင်ဆင်ထားသင့်သည်။

- ဆက်သွယ်ရေးတွင် ကြားဖြတ်နားထောင်ခံရနိုင်သည့် အန္တရာယ်ကို သတိထားသင့်သည်။ VHF/UHF ရေဒီယိုလိုင်းများ၊ GSM ဖုန်းလိုင်းများ၊ ဂြိုလ်တုဖုန်းများနှင့် စာဝှက်စနစ်အသုံးမပြုထားသော အင်တာ နက်လင့်ခ်များတွင် အဆိုပါ အန္တရာယ်ရှိသည်။
- ဖြစ်နိုင်ပါက မူလစီစဉ်ထားသည့် ဆက်သွယ်ရေးနည်းလမ်းများ ဆုံးရှုံး၊ ထိခိုက် (သို့) အလုပ်မလုပ် သောအခါ နောက်တစ်နည်းဖြင့် ဆက်သွယ်နိုင်ရန် အဆိုပါနည်းလမ်းများကို ထိန်းသိမ်းပြုပြင်ထား သင့်သည်။

## အထောက်အပံ့ပစ္စည်းများနှင့် ထောက်ပို့လုပ်ငန်းများ

- ကုန်ပစ္စည်းများနှင့် အပိုပစ္စည်းများအတွက် ထောက်ပို့ရေးလမ်းကြောင်းများ လုံခြုံစေရန်သာမက အထောက်အပံ့ပစ္စည်းများ သိုလှောင်ရန်နှင့် အအေးခန်းစနစ်များကို ပြုပြင်ထိန်းသိမ်းရေးအတွက် လုပ် ဆောင်ရမည့် အဆင့်များကို ကြိုတင်စဉ်းစားထားပါ။
- ဆေးဝါးအထောက်အပံ့ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရန် အတွက် စီးပွားဖြစ်ဝန်ဆောင်မှုပေးသူများထံမှ အထောက်အပံ့ရရှိရန် ကြိုတင်စဉ်းစားထားပါ။
- လိုအပ်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အထောက်အပံ့ပစ္စည်းများနှင့် ထောက်ပို့ လုပ်ငန်းများအတွက် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများအား လုပ်ဆောင်ရာတွင် လိုအပ်မည့် သင့်တော်ရာအဆင့်များကို ကြိုတင်စဉ်းစားကာ အစီအစဉ်များရေးဆွဲသင့်သည်။

## သင်တန်းပေးခြင်း

ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများအား အောင်မြင်စွာလုပ်ဆောင်နိုင်ရေးအတွက် လိုအပ်သော သင်တန်း များပေးရန်မှာ လွန်စွာအရေးကြီးလှသည်။ အဘယ့်ကြောင့်ဆိုသော် သင်တန်းများကြိုတင်ပေးထားခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများနှင့် လူနာချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ အနေဖြင့် ဘေးအန္တရာယ်များကို သိရှိနားလည်ထားခြင်း၊ ကာကွယ်ရေးအစီအမံများကို မည်သို့ လုပ်ဆောင် ရမည်ကို သိရှိနားလည်ထားခြင်းနှင့် အရေးပေါ်အခြေအနေများတွင် မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သိရှိ နားလည်ထားခြင်း စသည့်အကျိုးကျေးဇူးများရှိသောကြောင့် ဖြစ်သည်။

- ထိရောက်သော သင်တန်းပေးများပေးရာတွင် အခြေခံမရှိမဖြစ်စည်းမျဉ်းမှာ “လုပ်တွေ့လုပ်ဆောင်ခြင်း/ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားခြင်း” ဖြစ်သည်။
- ထွက်ပေါက်များပိတ်ဆို့နေခြင်း (သို့) မလုံခြုံခြင်း၊ ပုန်းခိုရာနေရာအတွင်း လူများ ကြပ်သိပ်နေခြင်း၊ ထိခိုက်မှုများသော ဖြစ်ရပ်များ (သို့) ကြောက်စိတ်လွန်နေခြင်း စသည့် အခြေအနေများအတွက် အရေး ပေါ်အစီအစဉ်များကို ကြိုတင်စဉ်းစားကာ ပြင်ဆင်ထားသင့်သည်။

- စိတ်တုန်လှုပ်ချောက်ချားနေသော လုပ်ဖော်ကိုင်ဖက်များ၊ လူနာများနှင့် ၎င်းတို့မိသားစုဝင်များကို မည်သို့ ကိုင်တွယ်ရမည်နှင့် အောင်မြင်စွာ ကိုယ်တွယ်ဖြေရှင်းနိုင်ရန် သင်တန်းများပေးသင့်သည်။
- ဖြစ်နိုင်ချေရှိသော အခြေအနေ/ဖြစ်ရပ်များကို အဖွဲ့လိုက် ဆွေးနွေးပါ။
- စာသင်ခန်းတွင် စာသင်သလို ပြောကြားခြင်းမျိုး မလုပ်ရပါ။ စဉ်းစားတွေးခေါ်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုကြောင့် ကြုံတွေ့ရနိုင်သည်များကို ကိုယ်တွယ်ဖြေရှင်းတို့အတွက် သင်တန်းသားများအား တက်ကြွစွာ ပါဝင်လာအောင် အားပေးပါ။
- ဖြစ်လာနိုင်သော ဖြစ်ရပ်များအတွက် သင်တန်းသားများကို တာဝန်အမျိုးမျိုးခွဲပေး၍ ဇာတ်တိုက်လေ့ ကျင့်ခိုင်းပါ။
- မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို ကြိုတင်လေ့ကျင့်ထားခြင်းဖြင့် လက်တွေ့တိုက်ခိုက်ခံလာရပါက အလွန်တရာ စိတ်ဖိစီးမှုများနေသော အခြေအနေအတွင်း မှန်ကန်သော လုပ်ဆောင်ချက်များကို လုပ်ကိုင်နိုင်ချေ ပိုမိုမြင့်တက်စေပါသည်။
- တိုက်ခိုက်ခံရခြင်း ဖြစ်ပွားမှုများနှင့် အစီအစဉ်များကို ပုံမှန်သုံးသပ်ပြီး သင်ခန်းစာယူခြင်းနှင့် သင့်တော် သလို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ခြင်းများ လုပ်ဆောင်ပါ။

## ဘေးအန္တရာယ်များအတွက် ဝန်ထမ်းများကို ကြိုတင်ပြင်ဆင်ခြင်း

ဝန်ထမ်းများအတွက် သင်တန်းများအား အခြေအနေကို လိုက်၍ ပြင်ဆင်သင့်သော်လည်း ယေဘူယျအားဖြင့် သင်တန်းအားလုံးတွင် အောက်ပါအခြေခံစည်းမျဉ်းများနှင့် စပ်လျဉ်း၍ ပါဝင်စေရမည်။

- တိုက်ခိုက်ခံရစဉ်အတွင်း ဝန်ထမ်းများအနေဖြင့် အလုပ်ခွင်တွင်ရှိနေပါက ချမှတ်ထားသင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ရန် အရေးကြီးကြောင်း အလေးပေးသင်ကြားထားပါ။
- ကြိုတင်ခန့်မှန်းထားနိုင်သော ဖြစ်ရပ်အားလုံးအတွက် လုပ်ဆောင်ရမည့် ၎င်းတို့၏ တာဝန်များကို ဝန်ထမ်းအားလုံးသိထားရန် လိုအပ်သည်။
- လုံခြုံသော ပုန်းခိုစရာနေရာများ မည်သည့်နေရာတွင် ရှိသည်ကို ဝန်ထမ်းအားလုံးသိထားရန် လိုအပ်သည်။
- ဝန်ထမ်းများအနေဖြင့် အလုပ်သို့ လာရာ (သို့) အလုပ်မှပြန်ရာလမ်းတွင် ရှိနေစဉ်၊ အများပြည်သူ ပိုင်နေရာများတွင် ရှိနေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ပွားပါက အထွေထွေကာကွယ်ရေးအစီအမံများကို တတ်နိုင်သမျှ လိုက်နာသင့်သည်။
- အိမ်တွင်ဖြစ်ပါက အထွေထွေအိမ်တွင်း လုံခြုံရေးဆိုင်ရာ လုပ်ဆောင်ရန်များကို လိုက်နာသင့်သည်။
- ဖြစ်လာနိုင်သော ဖြစ်ရပ်များအတွက် ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်၍ ထိရောက်၊ ကျွမ်းကျင်စွာ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားပါ။
- တတ်နိုင်ပါက ဝန်ထမ်းများကို စိတ်ပိုင်းဆိုင်ရာ အားပေးကူညီပါ။

### လူနာများနှင့် ၄င်းတို့မိသားစုဝင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ဝန်ထမ်းများအတွက် သင်တန်းပေးခြင်းအပြင် လူနာများနှင့် ၄င်းတို့မိသားစုဝင်များအတွက် သင့်တော်မည့် ဆက်သွယ်ဆောင်ရွက်ခြင်းနည်းလမ်းများကို ရှာဖွေသတ်မှတ်ထားရန် လိုအပ်သည်။

- ကျန်းမာရေးဝန်ထမ်းများ၊ လူနာများနှင့် ၄င်းတို့မိသားစုဝင်များအား ရှင်းလင်းပြတ်သားသော၊ ဒေသန္တရ သုံး ဆိုင်းဘုတ်/သင်္ကေတများ အသုံးပြု၍ ပုံမှန်ကျန်းမာရေးကုသမှု လုပ်ငန်းစဉ်အတွင်း မည်သည့် နေရာတွင် စောင့်ဆိုင်းသင့် (သို့) မစောင့်ဆိုင်းသင့်ကြောင်းကို အသိပေးခြင်းကို သေချာစွာ လုပ်ဆောင် သင့်သည်။
- လူနာများနှင့် ၄င်းတို့မိသားစုဝင်များအား တိုက်ခိုက်ခံရမှုဖြစ်ပွားပါက တတ်နိုင်သမျှ အရပ် (၈)မျက်နှာ သို့ မည်သို့လူစုခွဲနိုင်ရမည်ကို သေချာအသိပေးထားသင့်သည်။
- လူနာများ၏ အထူးလိုအပ်ချက်အပေါ်လိုက်၍ မွမ်းမံထားသော သင့်တော်သည့် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ဆောင်ရမည်များကို ဝန်ထမ်းများနှင့် လူနာများအား သေချာစွာ ဆက်သွယ် ဆောင်ရွက်ထားသင့်သည်။ မလှုပ်ရှားနိုင်သော လူနာများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ထိခိုက်ဒါဏ်ရာရလူနာများနှင့် စပ်လျဉ်း၍လည်း ကြိုတင်စဉ်းစားထားရမည်။ ဘေးအန္တရာယ်ရှိနေသော လူအုပ်စုများကို ကူညီနိုင်ရန် လုပ်ငန်းအဆင့်များကိုလည်း ကြိုတင် ပြင်ဆင်ထားရမည်။

# လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရပါက လိုက်နာရမည့် တစ်ကိုယ်ရည် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်

## တစ်ကိုယ်ရည်ဘေးကင်းရေး

| **အပြင်မှာ ရှိနေစဉ် မောင်းသူမဲ့လေယာဉ်ကို တွေ့ပါက**<br><br>**ရွှေ့လျားဆေးကုအဖွဲ့များ၊ အလုပ်မှပြန်စဉ်/အလုပ်သို့လာစဉ်နှင့် အပြင်ရောက်နေသော ဝန်ထမ်းအားလုံး (ကျန်းမာရေးဌာနအတွင်းတွင် ရှိမနေသော) အတွက် လမ်းညွှန်ချက်** | |
|---|---|
| **ဆောင်ရန်** | **ရှောင်ရန်** |
| အပြင်တွင် ရှိနေစဉ် မောင်းသူမဲ့လေယာဉ်ရောက်လာပါက အကာအကွယ်ရှာပါ။ | **မောင်းသူမဲ့လေယာဉ်မှ ပြေးရန် မကြိုးပမ်းပါနှင့်။ မောင်းသူမဲ့လေယာဉ်များသည် လူထက် မြန်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် သင့်အား သံသယဖြစ်စေပြီး ပစ်မှတ်ထားခံရနိုင်မှု ဖြစ်စေသည်။** |
| မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်း၍ ပုန်းခိုစရာရှာပါ။ မော်တော်ယာဉ်အတွင်းမှ ထွက်၍ ပုန်းခိုစရာရှာပါ။ | **မောင်းသူမဲ့လေယာဉ်မှ မောင်းပြေးရန် မကြိုးပမ်းပါနှင့်။ ၄င်းပျံသန်းခြင်းထက် ပိုမြန်အောင် မောင်းရန် မဖြစ်နိုင်ပါ။** |
| အကောင်းဆုံးမှာ တံတားအောက် (သို့) အဆောက်အအုံအတွင်း (သို့) နံရံနှစ်ထပ်ဖြင့် အကာအကွယ်ပေးနိုင်သော အဆောက်အဦးများ (ဆိုလိုသည်မှာ- ဗုံးဒါဏ်သက်ရောက်မည့် နေရာနှင့် မိမိအကြားအခိုင်အမာ နံရံနှစ်ထပ်ခြားနေခြင်း)စသည့် အဆောက်အအုံအခိုင်အမာတွင် ပုန်းခိုပါ။ | **ကွင်းပြင် (သို့) လမ်းမလယ်မှ မပြေးပါနှင့်။** |
| ဖြစ်နိုင်ပါက မြေပေါ်ရှိ တောင်ကြား/ချိုင့်ဝှမ်း (မြေနိမ့်ရာ) တို့တွင် အကာအကွယ်ယူပါ။ (ဗုံးပေါက်ကွဲမှုများသည် အောက်ဖက်သို့ မဟုတ်ဘဲ အထက်ဖက်သို့ အင်္ဂလိပ်အက္ခရာ "V" ဗွီပုံစံ ပေါက်ကွဲတတ်သောကြောင့် ဖြစ်သည်။) | **ဖြစ်နိုင်ချေရှိသော ပစ်မှတ်များနှင့် နီးကပ်စွာ မနေပါနှင့်။** |

| | |
|---|---|
| အဖွဲ့နှင့် ဖြစ်ပါက လားရာဖက်မတူညီရာသို့ လူစုခွဲပြေးပါ။ အကောင်းဆုံးမှာ သစ်ပင် (သို့) ချုံများကို အကာအကွယ်ယူပါ။ | **အဖွဲ့ထဲမှ အနှေးဆုံးပြေးနိုင်သူ၏ ပြေးနှုန်းအတိုင်း အဖွဲ့လိုက်ပြေးခြင်း မလုပ်ပါနှင့်။** |
| ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ (သို့) လူနာများနှင့် ခရီးသွားပါက ခရီးမထွက်ခွာမီ ထိခိုက်လွယ်သူတစ်ဦးစီအတွက် အရေးပေါ်အခြေအနေကြုံရပါက မည်သို့သယ်ဆောင်မည်ကို ဆွေးနွေးပြီး ကျန်းမာသန်စွမ်းသော အရွယ်ရောက်ပြီးသူတစ်ဦးချင်းစီကို ဆွေးနွေးသည့်အတိုင်း လုပ်ဆောင်ရန် တာဝန်ချပေးထားပါ။ | **အခြားဝန်ထမ်းများမှ ပုန်းခိုစရာနေရာများ သွားရှာနေစဉ် လူအများကို စောင့်ရှောက်ရန် ဝန်ထမ်းတစ်ဦးတည်းသာ ထားခဲ့ခြင်းမျိုး မလုပ်ပါနှင့်။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ (သို့) လူနာများနှင့် မထားခဲ့ပါနှင့်။** |
| ကန့်လန့်ဖြတ်ပြေးပြီး ဖြစ်နိုင်ပါက ဦးတည်ရာကို မကြာခဏပြောင်းပါ။ | **မျဉ်းဖြောင့်အတိုင်း မပြေးပါနှင့်။** |
| မောင်းသူမဲ့လေယာဉ်ကို မြင်သောနေရာမှ ပြေးပါက ဖြေးဖြေးချင်း၊ အေးဆေးစွာ ပြေးပါ။ သစ်ပင်အောက်၊ အရိပ်ထဲတွင် နေပြီး အကြောက်လွန်ခြင်း၊ တုန်ယင်ခြင်းများ ရှောင်ပါ။ | **ခင်မင်စရာလူများ၏ အာရုံစိုက်မှုကို ယူရန် လက်ဝှေ့ယမ်းခြင်း မလုပ်ပါနှင့်။ လှုပ်ရှားမှုသည် မောင်းသူမဲ့လေယာဉ်၏ အမြင်အာရုံခံစနစ်ကို စွဲဆောင်စေနိုင်သည်။** |
| သင့်တော်ပြီး ဖြစ်နိုင်ပါက မိမိခန္ဓာကိုယ်ကို မောင်းသူမဲ့လေယာဉ်၏ ကင်မရာမှ ကာထားပေးနိုင်မည့် တစ်ခုခုအောက်တွင် ပြားပြားဝပ်နေပါ။ | **ဖြစ်နိုင်ပါက မိမိခန္ဓာကိုယ်ကို မပေါ်ပါစေနှင့်။ နောက်ဆုံးပေါ် မောင်းသူမဲ့လေယာဉ်များသည် အပူချိန်ကို ထောက်လှမ်းသိရှိနိုင်သည်။** |

# လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရပါက လိုက်နာရမည့် တစ်ကိုယ်ရည် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်

## တစ်ကိုယ်ရည်ဘေးကင်းရေး

| အဆောက်အဦးအတွင်း၌ရှိနေစဉ် မောင်းသူမဲ့လေယာဉ်ရောက်လာပါက | |
|---|---|
| **ဆောင်ရန်** | **ရှောင်ရန်** |
| အကောင်းဆုံးမှာ အပြင်ဖက်နှင့် မိမိအကြား နံရံအခိုင်အမာနှစ်ထပ်ရှိနိုင်မည့် အခန်းကို ရှာပါ။ | **ပြတင်းပေါက်အပြင်သို့ မကြည့်ရပါ။** |
| ခိုင်မာသော ပရိဘောဂများဖြစ်သည့် စားပွဲခုံများ (သို့) ကုတင်များကို ဗုံးစများမှ အကာအကွယ်ယူရန် အကာအကွယ်အဖြစ် အရေးပေါ်အသုံးပြုနိုင်သည်။ | **လွင့်စင်နိုင်သဖြင့် ပြတင်းပေါက်များ (သို့) သစ်သားတံခါးများမှ အဝေးတွင်နေပါ။** |
| ရနိုင်ပါက သတ္တုအူတိုင်ပါသည့် မွေ့ယာ (စတီးမွေ့ယာ)များသည် အပူချိန်အာရုံခံကင်မရာပါသည့် မောင်းသူမဲ့လေယာဉ်များမှ အနည်းငယ်ကာကွယ်မှုပေးနိုင်သည်။ | **စောင်များသည် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုခံရစဉ်အတွင်း ထိရောက်စွာ အကာအကွယ်မပေးနိုင်ပါ။** |
| ပြတင်းပေါက်များမှ အဝေးတွင်နေရမည် ဆိုသော်လည်း ခန်းဆီးနှင့် အကာများပိတ်ခြင်း (သို့) အတားအဆီးများတပ်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။ | **မိမိကိုယ်ကို ပြတင်းပေါက်အနီး (သို့) အပြင်ထွက်သော အပေါက်များအနီးတွင် မရှိပါစေနှင့်။** |
| လူအများ ပုန်းခိုရန် ပုံမှန်အသုံးပြုမည့်နေရာဖြစ်ပါက မှန်စများ လွင့်စင်ခြင်းကို နည်းပါးစေမည့် ဗုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များတွင် ကပ်ပါ။ | **ဗုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များကပ်ထားပြီး ဖြစ်သော်လည်း မှန်စများ လွင့်စင်နိုင်သေးသည့်အတွက် ပြတင်းပေါက်အနီးတွင် ပုန်းခိုခြင်း မပြုရပါ။** |
| မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွင်း နောက်ဆက်တွဲအန္တရာယ်များဖြစ်သည့် | **အနီးနားတွင် ပေါက်ကွဲမှု (သို့) မီးလောင်မှုကြောင့် အောက်ဆီဂျင် ဆလင်ဒါအိုးများ** |

| | |
|---|---|
| မီးလောင်ကျွမ်းခြင်း (သို့) ပေါက်ကွဲခြင်းများ ဖြစ်နိုင်သည်ကို သတိရှိပါ။ | **ပေါက်ကွဲနိုင်သဖြင့် ၄င်းအနီးအနားတွင် မပုန်းခိုသင့်ပါ။** |
| ပုန်းခိုစရာနေရာမှ အနည်းဆုံးထွက်ပေါက် (၂)ခု ရှိစေရန် သေချာအောင် လုပ်ဆောင်ထားပါ။ | **ပစ်မှတ်ထားခံရနိုင်သဖြင့် အဆောက်အအုံ၏ အထက်ပိုင်း အလွှာများတွင် မနေပါနှင့်။** |
| ဖြစ်နိုင်မည်ဆိုပါက လူနာများအတွက် အပြင်ဖက်နှင့် နံရံနှစ်ထပ်ခြားသော အခန်းများတွင် ထားခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် နောက်ဆက်တွဲအန္တရာယ်ရှိသော နေရာများကို ရှောင်ကြဉ်ခြင်းစသော အမြင့်ဆုံးလုံခြုံရေးအစီအမံများကို ထားရှိပါ။ | **မြင်သာသော နေရာများတွင် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း မလုပ်ရပါ။ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း လူနာများကို မထားရစ်ခဲ့ရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းအားလုံးကို လုပ်ဆောင်ပါ။** |

# လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရပါက လိုက် နာရမည့် တစ်ကိုယ်ရည် ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်

## တစ်ကိုယ်ရည်ဘေးကင်းရေး

| မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း တုံ့ပြန်လုပ်ဆောင်ခြင်း | |
|---|---|
| **ဆောင်ရန်** | **သတိပေးချက်များ** |
| လူစုလူဝေးနှင့် ရှိနေစဉ်ဖြစ်ပါက အရပ်မျက်နှာအားလုံးသို့ အတတ်နိုင်ဆုံးလူစုခွဲရန် အားပေးပါ။ ထိုသို့လုပ်ခြင်းဖြင့် မောင်းသူမဲ့လေယာဉ်မောင်းသူအား မည်သူ့ကို ပစ်မှတ်ထား လိုက်ရမည်ကို ခက်ခဲစေမည်ဖြစ်သည်။ | • **ဝန်ထမ်းအားလုံးအနေဖြင့် အရေးပေါ်လုပ်ဆောင်ရမည့် လုပ်ငန်းများကို သိနေစေရမည်။**<br>• **ဆက်သွယ်ရေးနည်းလမ်းများကို ကြိုတင်သဘောတူထားပြီး အဆိုပါနည်းလမ်းများ ကောင်းစွာအလုပ်လုပ်နေစေရမည်။**<br>• **လူနာနှင့် ၄င်းတို့မိသားစုဝင်များအား ညွှန်ကြားချက်ပေးမည့် ဝန်ထမ်းသည် ကောင်းစွာ သင်တန်းပေးခံထားရပြီး မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွင်း မည်သို့လုပ်ဆောင်ရမည်ကို ကောင်းစွာသိရှိနေရမည်။** |
| ကျန်းမာရေးဝန်ထမ်းများအတွက် ပုန်းခိုစရာနေရာများမှာ လက်လှမ်းမီနေစေရမည်။ | • **ဝန်ထမ်းအားလုံးအနေဖြင့် လုံခြုံသည့် ပုန်းခိုစရာနေရာများ ဘယ်မှာရှိသည်ကို သိနေစေရမည်။**<br>• **ပုန်းခိုစရာနေရာမှာ ဝန်ထမ်းအားလုံးအတွက် လုံလောက်သော အကျယ်အဝန်းရှိရမည်။** |
| ဖြစ်နိုင်ပါက လူနာများအတွက် ပုန်းခိုစရာနေရာများ ရှိရမည်။ | • **လူနာများ လုံခြုံသည့်နေရာတွင် ရှိနေစေရမည်။** |

| | |
|---|---|
| | • **ထိခိုက်လွယ်သော လူနာများအား မည်သို့ကူညီပေးရမည်ကို ညွှန်ကြားချက်များ ထားရှိရမည်။** |
| တစ်စုံယောက်ယောက်ကို အခြေအနေစောင့်ကြည့်ရန်နှင့် ဖြစ်သမျှသတင်းပို့ရန် ထားရှိရမည်။ | • **အခြေအနေစောင့်ကြည့်ရန် တာဝန်ပေးခံရသူများ ထားရှိရမည်။**<br>• **ထိုသို့တာဝန်ပေးခံထားရသူများကို မည်သို့စောင့်ကြည့်ရမည်ကို သင်တန်းပေးထားရမည်။**<br>• **တွေ့ရှိသော သတင်းအချက်အလက်များကို တာဝန်ရှိသူ (သို့)အခြားသက်ဆိုင်သူများသို့ ပေးပို့ရန် ရှင်းလင်းသော ဆက်သွယ်ရေးစီးဆင်းမှုလမ်းကြောင်း၊ သတင်းအချက်အလက်လိုအပ်ချက်များ ကို ရှင်းလင်းစွာ လုပ်ဆောင်ထားသင့်သည်။** |
| အခြေအနေလုံခြုံသည်နှင့်တစ်ပြိုင်နက် အရေးပေါ်ကုသမှုပေးရန် စီစဉ်ထားပါ။ | • **အရေးပေါ်ကုသမှုပေးနိုင်ရန် လိုအပ်သော ကိရိယာများကို ရရှိနိုင်နေစေရမည်။**<br>• **နှစ်ကြော့ပြန်တိုက်ခိုက်ခြင်းဖြစ်နိုင်သည်ကို သတိထားရမည်ဖြစ်ပြီး သင့်တော်သလို လုပ်ဆောင်ရမည်။** |

## အောက်ပါအချက်များကို လုပ်ဆောင်ရန် တာဝန်ချထားပြီး သင်တန်းများပေးထားပါ

တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးပြီးချင်း လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များတွင် မောင်းသူမဲ့လေယာဉ်နှင့် သက်ဆိုင်သည်များပါဝင်ပြီး ဆေးဝါးကုသခြင်းဆိုင်ရာ ကိစ္စများမပါဝင်သေးပေ။

ယေဘူယျအသိပညာပေးရန် တစ်စိတ်တစ်ပိုင်းအဖြစ် ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းများအား အောက်ပါအချက်များကို သတိထားပြီး အသိပေးရမည်။

- "ကျည်အခြင်း" (ဆိုလိုသည်မှာ - မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများ) ရှိနိုင်သည်ကို သတိပြုပါ။ မောင်းသူမဲ့လေယာဉ်များသည်လည်း မပေါက်ကွဲပဲရှိနေနိုင်ပြီး (သို့) သစ်ပင်များ၊ လျှပ်စစ်မီးကြိုးများစသည်တို့တွင် ငြိကာရှိနေနိုင်သည်။
- နောက်ဆက်တွဲ ဘေးအန္တရာယ်များဖြစ်သည့် နံရံများပြိုခြင်း၊ မှန်ကွဲစများ (သို့)မီးလောင်ကျွမ်းခြင်း စသည်တို့ကို သတိထားရမည်။
- ကနဦးတိုက်ခိုက်ပြီးနောက် အရေးပေါ်ကယ်ဆယ်သူတို့ကို ပစ်မှတ်ထားသည့် နှစ်ကြော့ပြန်တိုက်ခိုက် ခြင်း ဖြစ်နိုင်သည်ကိုလည်း သတိထားရမည်။
- ဗုံးအရွယ်အစားအပေါ်မူတည်၍ မောင်းသူမဲ့လေယာဉ်များ၏ သတ်ကွင်းသည် (၇) မီတာ (သို့) အထက် ဖြစ်နိုင်ပြီး ဗုံးများမှာ လုံးဝမပေါက်ကွဲသေးသည်လည်း ဖြစ်နိုင်သည်။

### တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးနောက် စောင့်ရှောက်မှုပေးခြင်းနှင့် လုပ်ဆောင်ခြင်း

### တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးပြီးချင်း

- ဒုတိယအကြိမ်တိုက်ခိုက်ခံရမည်ကို မြင်ကွင်းကျယ်ကျယ်ဖြင့် စောင့်ကြည့်ပြီး မည်သည့်ခြိမ်းခြောက်မှု အန္တရာယ်ကိုမဆို တာဝန်ရှိသူထံ ဆက်သွယ်အကြောင်းကြားပါ။
- ပိုမိုပြင်းထန်သော/လက်ရှိဖြစ်ပွားနေသော ထိခိုက်ဒါဏ်ရာရမှုများကို ကိုယ်တွယ်ဖြေရှင်းရာတွင် အဟန့်အတား/ နှောင့်နှေးမှုဖြစ်စေနိုင်သဖြင့် မပြင်းထန်ဆုံး ထိခိုက်ဒါဏ်ရာရသူများကို ထိန်းချုပ်စီမံပါ။
- အရေးပေါ်ကုသရန် မလိုအပ်သည့် လူနာများနှင့် ၎င်းတို့မိသားစုများကို ကျန်းမာရေးဌာနမှ ဝေးရာသို့ ရွှေ့ပြောင်းခိုင်းပါ။
- ဝန်ထမ်းများ၊ လူနာများနှင့် ၎င်းတို့မိသားစုဝင်များအားလုံးကို ပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် စိတ်ချရသော အကွာအဝေးတွင်သာနေစေပြီး စည်းအမှတ်အသားပြုလုပ်ထားသည့် အပြင်ဖက်ရှိ ပေါက်ကွဲမှု အစအနများသို့ မည်သူမျှ သွားရောက်ခြင်းမရှိစေရန် သေချာလုပ်ဆောင်ရမည်။

## မပေါက်ကွဲသေးသော မောင်းသူမဲ့လေယာဉ် (သို့) ၎င်း၏ လက်နက်ခဲယမ်းများဆီသို့ ချဉ်းကပ်ခြင်း -

- မည်သည့်လက်နက်ခဲယမ်း (သို့) ၎င်း၏ မည်သည့်အစိတ်အပိုင်းကိုမှ သွားမထိပါနှင့်။ ၎င်းတို့သည် ထိလိုက်ပါက စနက်တံဖြုတ်ခြင်း (သို့) ထောက်ချောက်ဗုံးများဖြစ်နေနိုင်သည်။
- သံသယရှိပါက မောင်းသူမဲ့လေယာဉ် (သို့) ၎င်း၏ လက်နက်ခဲယမ်း မည်သည့်အစိတ်အပိုင်းကိုမဆို မထိပါနှင့်။
- မောင်းသူမဲ့လေယာဉ်မောင်းနှင်သူသည် ဆက်လက်စောင့်ကြည့်နေနိုင်ပြီး တစ်စုံတစ်ယောက် ချဉ်းကပ်လာသည်နှင့် စနက်တံဖြုတ်လိုက်နိုင်သည်ကို သတိပြုရမည်။
- မောင်းသူမဲ့လေယာဉ် (သို့) ၎င်း၏ အပိုင်းအစသို့ ချဉ်းကပ်ရာတွင် ကင်မရာမျက်နှာမူရာဖက်ခြမ်းမှ မသွားရ။ (ကင်မရာကောင်းစွာ အလုပ်လုပ်နေနိုင်သေးသည်။)
- မိုင်းကွင်းအတွင်း ရှိနေပါက အပိုင်းအစ (သို့) မပေါက်ကွဲသေးသော လက်နက်ခဲယမ်းဆီ (UXO[2]) သို့ သွားရာလမ်းသို့ မှတ်သားထားပြီး တာဝန်ချထားခံရသူသာ အဆိုပါနေရာသို့ သွားနိုင်ရန် သေချာ လုပ်ဆောင်ပါ။

## မှတ်တမ်းတင်ထားခြင်း

ဖြစ်ပွားမှုများမှ သင်ခန်းစာယူရန်နှင့် မိတ်ဖက်အဖွဲ့အစည်းများအား သတင်းအချက်အလက်များ ဝေမျှရန် အတွက် ဖြစ်ပွားမှုများကို မှတ်တမ်းတင်ထားရန် အရေးကြီးသည်။ အန္တရာယ်ရှိသည့်အတွက် ဖြစ်ပွားမှုများကို မှတ်တမ်းတင်ထားသူ၏ လုံခြုံရေးနှင့် မှတ်တမ်းတင်ထားသည့် သတင်းအချက်အလက်များ မှန်ကန်တိကျစေရေး သေချာစွာ လုပ်ဆောင်ရမည်။

**မှတ်ချက် - သက်သေအဖြစ် မှတ်တမ်းမတင်မီ နားလည်သူ (သို့) ကျွမ်းကျင်သူမှ မောင်းသူမဲ့လေယာဉ် (သို့) အပိုင်းအစများသို့ ချဉ်းကပ်ရန် စိတ်ချရပြီဖြစ်ကြောင်း အတည်ပြုပေးရန် လိုအပ်သည်။**

[2] Unexploded ordnance, which includes all types of unexploded munitions.

## မှတ်တမ်းတင်ရာတွင် ဆောင်ရန်၊ ရှောင်ရန်

| ရှောင်ရန် | ဖြစ်နိုင်ခြေ | ဆောင်ရန် |
|---|---|---|
| ပုံသန်းနေသော မောင်းသူမဲ့လေယာဉ်ကို ကြည့်ရန် (သို့) ဗီဒီယိုမှတ်တမ်းတင်ရန် အပြင်ထွက်မကြည့်ရပါ။ | မော်တော်ယာဉ် ဒက်ရှ်ကမ် (ကားထဲသုံးသည့် စီစီတီဗွီ) (သို့) ကိုယ်ခန္ဓာတွင်တပ်ဆင်သော လျှို့ဝှက်ကင်မရာများမှာ ရုပ်ပုံများကို မှတ်တမ်းတင်ရာတွင် ကောင်းစွာမမြင်နိုင်သည့်အပြင် ပတ်ဝန်းကျင်အားလုံးတွင် အသုံးပြုရန် မလုံခြုံပါ။ | **အခြေအနေစိတ်ချရပါက ပစ္စည်း/အပိုင်းအစများကို ထိခြင်း (သို့) မှီခြင်းမလုပ်ပဲ ဓါတ်ပုံမှတ်တမ်းတင်ပါ။** |
| ပုံသန်းနေသော မောင်းသူမဲ့လေယာဉ်များကို ဓါတ်ပုံ (သို့) ဗီဒီယို ပေါ်တင်မရိုက်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုသို့လုပ်ခြင်းသည် မောင်းသူမဲ့လေယာဉ်ကို ထိန်းချုပ်မောင်းနှင်နေသော လက်နက်ကိုင်သမားကို ရန်မူနေဟန် ဖြစ်စေသည်။ | မှတ်တမ်းတင်ရန်နှင့် အထောက်အထားစုဆောင်းခြင်းများ ကို အထောက်အကူဖြစ်စေနိုင်ရန် ဖြစ်နိုင်ပါက ဆေးရုံ (သို့) ကျန်းမာရေးဌာနအတွင်းနှင့် အပြင်တွင် စောင့်ကြည့်ရေးကင်မရာများ (CCTV ) တပ်ဆင်နိုင်သည်။ | **ဓါတ်ပုံမှတ်တမ်းတင်ပါက အချိန်နှင့် တည်နေရာဆိုင်ရာ အချက်အလက်များကိုပါ မှတ်တမ်းတင်နိုင်ရန် မိမိ၏ ကင်မရာ/ဖုန်းတို့တွင် သက်ဆိုင်ရာ ဆက်တင် (setting) များကို ဖွင့်ထားပါ။** |
| ပေါက်ကွဲနိုင်သေးသည့်အတွက် မြေပြင်ပေါ် ရှိ မောင်းသူမဲ့လေယာဉ်၏ အစိတ်အပိုင်းများကို မထိရပါ။ | မောင်းသူမဲ့လေယာဉ်သည် အကောင်းပကတိအတိုင်းရှိနေသေးပါက ၎င်း၏ ကင်မရာရှိရာကို သတိထားပါ။ မိမိချဉ်းကပ်လာသည်ကို တစ်ဖက်မှ မောင်းနှင်နေသူက မြင်ရနိုင်သည်။ | **မျက်မြင်သက်သေ ထွက်ဆိုချက်များ/ အစီရင်ခံစာများကို ရရှိနိုင်သော ရုပ်ပုံများဖြင့် ညှိနှိုင်းဖော်ပြပြီး အဆိုပါအထောက်အထားများ ကို သင့်လျော်သလို မျှဝေ (သို့) ဖြန့်ဝေပါ။** |

## အလှူရှင်များ၊ အထောက်အပံ့ပေးနေသည့် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် စတင်ခြင်း

ဆက်ဆံရေးစနစ်တစ်ခု အစပြုပါ (သို့) ရှိထားပြီးပါက အလှူရှင်များ၊ ကုန်ကျစရိတ်ထောက်ပံ့သော အဖွဲ့များ၊ အထောက်အပံ့ပေးနေသည့် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပါ။

## အထောက်အပံ့ရှာဖွေခြင်း

ဒေသအခြေအနေ၊ ဘေးအန္တရာယ်နှင့် ထိခိုက်လွယ်မှုအခြေအနေစသည်တို့အတွက် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက် ပြုလုပ်ပြီး လိုအပ်သည့် အန္တရာယ်လျော့ပါးရေး အစီအမံများနှင့် လုပ်နည်းလုပ်ထုံးများရေးဆွဲခြင်း၊ ဝန်ထမ်း များကို သင်တန်းပေးခြင်း၊ အဆောက်အဦးများကို လိုအပ်သော အကာအကွယ်များတပ်ဆင်ခြင်းတို့အတွက် လိုအပ်သော အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ထားပါ။ အထောက်အပံ့ပေးနေသည့် ပြင်ပအဖွဲ့အစည်းများ နှင့် ဆွေးနွေးနိုင်မည့် အခွင့်အရေးများရှာဖွေပြီး လိုအပ်သော ကာကွယ်ရေးအစီအမံများလုပ်ဆောင်ရန် လိုအပ် ချက်များအတွက် အကူအညီတောင်းပါ။

အထောက်အပံ့ပေးနေသည့် အဖွဲ့အစည်းများအား ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးဝန်ထမ်း များကို အကာအကွယ်ပေးခြင်းမှာ ကျန်းမာရေးဝန်ဆောင်မှုများ ဆက်လက်လည်ပတ်ရန်နှင့် အကူအညီ လိုအပ်နေသော လူထု၏ ကျန်းမာရေးရလာဒ်များ ကောင်းမွန်လာရန်အတွက် အရေးကြီးကြောင်း ရှင်းပြပါ။

### လူသားချင်းစာနာမှုဆိုင်ရာ နေရာများအား လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်များ၏ အန္တရာယ်မှ ကာကွယ်ရန် စုပေါင်းလုပ်ဆောင်ခြင်း

လူသားချင်းစာနာမှုဆိုင်ရာ နေရာများအား ကာကွယ်ရန် စုပေါင်းလုပ်ဆောင်ခြင်းဆိုသည်မှာ လိုအပ်နေသူ များထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီရောက်ရန် တစ်ဖွဲ့ချင်းစီ၏ လုံခြုံရေးအန္တရာယ်ဆိုင် ရာ ကြိုးပမ်းမှုများသည် မလုံလောက်သဖြင့် လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများမှ ဖြစ်စေ အုပ်စုဖွဲ့ကာ စုပေါင်းကြိုးပမ်းလုပ်ဆောင်ခြင်း ဖြစ်သည်။

- စုပေါင်းလုပ်ဆောင်မှုသည် ပူးပေါင်းဆောင်ရွက်ခြင်း၊ အရင်းအမြစ်များမျှဝေခြင်းနှင့် လူသားချင်း စာနာမှုဆိုင်ရာ စည်းမျဉ်းများကို စုပေါင်းကတိကဝတ်ပြုထားမှုများအပေါ်တွင် မူတည်သည်။
- လူသားချင်းစာနာမှုဆိုင်ရာ နေရာများအား ကာကွယ်ခြင်းကို ရှာဖွေရန် စုပေါင်းလုပ်ဆောင်ခြင်းသည် ကုလသမဂ္ဂနှင့် အစိုးရများကို ဦးတည်သော ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပဋိပက္ခဖြစ်နေသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းများ (သို့) ပြည်သူလူထုကို ဦးတည်ကာ ဆက်သွယ်ဆောင်ရွက် ခြင်းများစသည့် ပုံစံများလည်း ဖြစ်နိုင်သည်။
- အခြေအနေ/နေရာဒေသအပေါ်မူတည်၍ စုပေါင်းလုပ်ဆောင်မှုသည် လူသိရှင်ကြားအသိပေး ထုတ် ပြန်ချက်များ၊ တံခါးပိတ်ဆွေးနွေးမှုများ၊ သက်ဆိုင်ရာ သံတမန်ရေးဆိုင်ရာ အရာရှိများကို အထောက် အကူပြုရန် နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ ပေးပို့ခြင်းစသည့်ပုံစံများလည်း ဖြစ်နိုင် သည်။

- စုပေါင်းလုပ်ဆောင်မှုများတွင် အကူအညီပေးရေး အေဂျင်စီများအကြား သတင်းအချက်အလက်များ နှင့် အကြံပေးမှုများကို မျှဝေခြင်းများ ပါဝင်နိုင်ပြီး ရှေ့တန်းမှ ကျန်းမာရေးအကူအညီပေးနေသူ စေတနာ့ဝန်ထမ်းများ၊ နိုင်ငံအဆင့်မိတ်ဖက်အဖွဲ့အစည်းများအား နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများမှ အကူအညီပေးခြင်းတို့လည်း ပါဝင်သည်။
- သံတမန်ရေးအဆင့်တွင် စုပေါင်းလုပ်ဆောင်မှုသည် လက်နက်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် (ATT) နှင့် လူထူထပ်ရာနေရာများတွင် ပေါက်ကွဲရေးလက်နက်များ အသုံးပြုမှုကြောင့် ဖြစ်ပွားသည့် လူသားချင်းစာနာမှုဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများမှ အရပ်သားများကို ကာကွယ်ရေး (EWIPA) အတွက် အားကောင်းအောင် ဆောင်ရွက်ခြင်းစသည့် နိုင်ငံရေးဆိုင်ရာ သဘောတူကြေငြာချက်များနှင့် အညီ လက်ရှိရှိနေသော ယန္တရားများကို အသုံးပြု၍ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအပေါ် လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်များ၏ သက်ရောက်မှုများကို ဖော်ပြဆောင်ရွက် ခြင်းလည်း ဖြစ်နိုင်သည်။
- အကူအညီပေးရေး အေဂျင်စီတစ်ခု၏ မဆင်မခြင်လုပ်ဆောင်မှုသည် ၎င်း(သို့) အခြားအကူအညီ ပေးရေး အဖွဲ့အားလုံး၏ လူသားချင်းစာနာမှုလုပ်ငန်းများ ရောက်ရှိမှုအပေါ် ထိခိုက်ပျက်စီးစေနိုင်သည်။ လူသားချင်းစာနာမှုဆိုင်ရာ နေရာများအား ကာကွယ်ရန် စုပေါင်းလုပ်ဆောင်ခြင်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လက်ငင်းလိုအပ်ချက်များနှင့် လုပ်ဆောင်မှုများထက်ကျော်လွန်၍ ဖြစ်လာနိုင်သည့် အကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။

**လူသားချင်းစာနာမှုဆိုင်ရာ နေရာများအား လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်များ၏ အန္တရာယ်မှ ကာကွယ်ရန် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း**

- အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မောင်းသူမဲ့လေယာဉ်များနှင့် ပတ်သက်၍ အချင်းချင်း သတင်းပို့၊ အကြောင်းကြားခြင်း ပြုလုပ်နိုင်ရန် ယန္တရားများကို လုံခြုံစိတ်ချစွာ ဖန်တီးစေနိုင်မည် ဖြစ်သည်။
- အဖွဲ့အစည်းများအနေဖြင့် တိုက်ခိုက်ခံရမှုများ/ လွဲချော်သွားသော တိုက်ခိုက်ခံရမှုများကို စောင့်ကြည့် မှတ်တမ်းတင်ပြီး ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ မန်နေဂျာများ၊ သက်ဆိုင်ရာ အခြားညှိနှိုင်းရေးအဖွဲ့ များသို့ အစီရင်ခံတင်ပြသင့်သည်။
- အကူအညီပေးရေး အေဂျင်စီများအနေဖြင့် ဘေးအန္တရာယ်များနှင့် တိုက်ခိုက်ခံရမှုများကို စောင့်ကြည့် မှတ်တမ်းတင်ပြီး အစီရင်ခံနေကြောင်း ပဋိပက္ခဖြစ်နေသော အဖွဲ့များ၊ အာဏာပိုင်များနှင့် ဒေသန္တရ ခေါင်းဆောင်များကို အသိပေးပါ။ ထိုသို့လုပ်ဆောင်သည်မှာ အဖွဲ့အတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေး အတွက်ဖြစ်ပြီး ပဋိပက္ခဖြစ်ရာအဖွဲ့အား ၎င်းတို့ လုပ်ဆောင်မှုများအတွက် တာဝန်ခံခိုင်းရန် မဟုတ် ကြောင်း အသိပေးပါ။ ပဋိပက္ခဖြစ်နေသော အဖွဲ့များနှင့် အာဏာပိုင်များအား လုပ်ဆောင်ချက် များအတွက် စုံစမ်းစစ်ဆေးမည် မဟုတ်သော်လည်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် အစီအစဉ် ဆွဲခြင်းများ

ပိုမိုကောင်းမွန်လာစေရန်အတွက် တိုက်ခိုက်ခံရမှုများအား ပြန်လည်သုံးသပ်မည် ဖြစ်ကြောင်းလည်း အသိပေးပါ။

- အဖွဲ့အစည်းများအနေဖြင့် အရေးကြီးသော ဖြစ်ရပ်များ ဖြစ်ပွားပါက လုပ်ဆောင်ရမည့် သတင်းအချက် အလက်ဝေမျှခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဥ်း၍ ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ ရှိနေ ရမည်။

ဤစာစောင်အား Insecurity Insight အဖွဲ့မှ ထုတ်ဝေသည်။ ဤစာအုပ်ပါ သုံးသပ်ချက်များနှင့်ထင်မြင်ချက်များမှာ ထုတ်ဝေသူ Insecurity Insight အဖွဲ့နှင့်သာ သက်ဆိုင်သည်။ Insecurity Insight အဖွဲ့သည် လူသားချင်းစာနာမှု ဆိုင်ရာ စည်းမျဉ်းများကို ကတိကဝတ်ပြုလိုက်နာသော Humanitarian to Humanitarian (H2H) အဖွဲ့အစည်းဖြစ်သည်။ ပါဝင်သော အကြောင်းအရာများအတွက် Insecurity Insight အဖွဲ့မှ တာဝန်ယူသည်။ ဤစာစောင်ပြုစုရန် UK အစိုးရထံမှ ပံ့ပိုးသော H2H ရန်ပုံငွေမှ အထောက်အပံ့ရှိသည်။ ဤစာစောင်တွင် ပါဝင်သော အကြောင်းအရာများအတွက် H2H ကွန်ရက်(သို့) UK အစိုးရတွင်တာဝန်မရှိသကဲ့သို့ဤစာစောင်တွင် ပါဝင်သော ထင်မြင်ချက်များမှာလည်း ၎င်းတို့အာဘော်မဟုတ်ပါ။

**https://bit.ly/SRMDronesMMRFeb2025MY**